# ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်
# ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို
# ပြင်ဆင်သည့်ဥပဒေ

## ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၁။]

### နိဒါန်း

ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ မဲဆန္ဒနယ် အရေအတွက်ကို သတ်မှတ်ပေးရန်ရှိသည့်အခါ နိုင်ငံတော်ကောင်စီက သတ်မှတ်ပေးနိုင်ရန် အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လက်ရှိပုဒ်မ ၇ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်–

၇။ ပြည်နယ်နှင့်တိုင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများကို ပုံမှန်သက်တမ်းအတွက်နိုင်ငံတော်ကောင်စီက သတ်မှတ်ထားသည့် မဲဆန္ဒနယ်များမှ ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကောင်စီဝင်များဖြင့် ဖွဲ့စည်းရမည်။

၃။ လက်ရှိ ပုဒ်မ ၈ ကို အောက်ပါ ပုဒ်မဖြင့် အစားထိုးရမည်—

၈။ (က) ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုတခုကို အခြေခံဥပဒေနှင့်အညီ ပြင်ဆင်ဖွဲ့စည်းခြင်းရှိပါက နိုင်ငံတော်ကောင်စီသည် ယင်း ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုပါဝင်မည့် မြို့နယ်အတွက် သတ်မှတ်ထားသည့် မြို့နယ်ပြည်သူ့ကောင်စီဝင် ဦးရေကို ပြင်ဆင်သတ်မှတ်ပေးရန် လိုအပ်လျှင် ပြင်ဆင်ပေးရမည်၊

(ခ) မြို့နယ်တခုကို အခြေခံဥပဒေနှင့်အညီ ပြင်ဆင်ဖွဲ့စည်းခြင်းရှိပါက နိုင်ငံတော်ကောင်စီသည် ယင်းမြို့နယ်ပါဝင်မည့် ပြည်နယ်၊ တိုင်းအတွက် သတ်မှတ်ထားသည့် ပြည်နယ်၊ တိုင်း ပြည်သူ့ကောင်စီဝင် ဦးရေကို ပြင်ဆင်သတ်မှတ်ပေးရန် လိုအပ်လျှင် ပြင်ဆင်ပေးရမည်။